# နှင်းဆီပန်း



အဝါရောင် တောက်နေပြီး အလင်းနဲ့ထိတွေ့တဲ့အခါ အစိမ်းရောင်ဖျော့ဖျော့ သန်းလာတဲ့ ဒီအရောင်မျိုးကို ကျွန်မ ပရမ်းပတာ အရောင်ရွေးချယ်သည့် အနေအထားမှာပင် ဘယ်တုန်းကမှ သုံးခဲ့မိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကလေးဆန်တဲ့ အဝါရောင် နှင်းဆီစတစ်ကာလေးကတော့ ကျွန်မရဲ့ တိတ်ဆိတ်နေတဲ့ အနီရောင် ဒိုင်ယာရီ အဖုံးလေးပေါ်မှာ ရှိနေပါပြီ။ ကျွန်မရခဲ့သမျှ လက်ဆောင်တွေထဲမှာ ဒီဟာလေးကို တန်ဖိုးအထားဆုံးပါ။

ကျွန်မ ဒီလို စိတ်လှုပ်ရှားမှုဖြစ်အောင် ညီမလေးက ဘာတွေ ပြောခဲ့မှန်း စဉ်းစားလို့ မရတော့ဘူး။ ကျွန်မ မှတ်မိသလောက်ကတော့ သူက မကျေမနပ်ဖြစ်နေပြီး ကျွန်မက သူ့ကို ပြင်းပြင်းထန်ထန် ဆုံးမနေခဲ့တာကိုပါပဲ။ အဲဒီအချိန်က ကျွန်မဟာ ကမ္ဘာမှာ ကံအဆိုးဆုံးကလေးက ကြုံရမယ့် သောကနဲ့ ဒုက္ခတွေကို အသေးစိတ်တော့ သူ့ကို မပြောခဲ့ပါဘူး။ ဒါပေမဲ့ ပြောမိလုနီးပါး ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် သူ့ကို တောင်းပန်ခိုင်းပြီး စာပြန်ဖတ် နေလိုက်ပါတယ်။

ခဏအကြာ ငြိမ်သက်တိတ်ဆိတ်သွားတဲ့နောက်မှာ နောက်ကနေ တစ်ခုခု ပွတ်တိုက်တဲ့အသံ ကြားရပါတယ်။ လှည့်မကြည့်ဘဲ နေလိုက်တယ်။ ကျွန်မရဲ့ မှန်ကန်စွာ ဒေါသဖြစ်မှုက ပေါ်လာတဲ့ သက်ရောက်မှုကို ညီမလေး အပြည့်အဝ ခံစားသွားတာကို လိုချင်တယ်။ သူ့အပြစ် သူခံပါစေပေါ့။ ကျွန်မတွေးလိုက်တယ်။

တရှပ်ရှပ်အသံတော့ မြည်နေဆဲပဲ။ လှည့်မကြည့်မိအောင်တော့ ကြိုးစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူစိတ်ဝင်တစားဘာတွေ လုပ်နေသလဲဆိုတာကိုတော့ သိပ်သိချင်နေပါတယ်။ တအောင့်လောက်ကြာတော့ အနောက်ကနေ ခြေသံတွေ ကြားရတယ်။ ပြီးတော့ ရပ်သွားတယ်။ ပြီးတော့ ပြန်ငြိမ်သွားတယ်။

စာအုပ်ပေါ်ကနေ မျက်နှာလွှဲဖို့ ကျွန်မ ငြင်းဆန်မိတယ်။ ဒါပေမယ့် မျက်လုံးထောင့်နားလေးကနေ ညီမလေးက ကျွန်မ ဘေးခုံပေါ်မှာ စာအိတ်တစ်လုံး လှမ်းတင်နေတာကို ဖြတ်ကနဲ မြင်လိုက်ရတယ်။ ပြီးတော့ သူအခန်းထဲကနေ ချာကနဲလှည့်ပြီး ပြေးထွက်သွားတယ်။

သိချင်စိတ် ပြင်းပြစွာနဲ့ စာအိတ်ကို ဖွင့်လိုက်တယ်။ အဝါရောင်သန်းနေတဲ့အရာတစ်ခု ကျွန်မရဲ့ပေါင်ပေါ်ကို ကျလာတယ်။ နှင်းဆီစတစ်ကာလေးပါ။ သေချာ ကိုင်ကြည့်လိုက်တော့ ငါးနှစ်သားလက်ရေးလေးနဲ့ "တောင်းပန်ပါတယ်။ မမကိုချစ်တယ်" လို့ရေးထားတာကို တွေ့ရပါတယ်။

မူကြိုအရွယ် ကလေးတစ်ယောက်ရဲ့ အတွေးမှာတော့ စတစ်ကာ တွေဟာ အရမ်းအဖိုးတန်တာပေါ့။ ကလေးအတွေးနဲ့တွေးကြည့်ရင် ကြီးတာဟာကောင်းတယ်ပေါ့။ အရောင်တောက်လေပိုကောင်းလေပေါ့။ လက်လက် လက်လက်နဲ့ ဆိုရင်တော့ အကောင်းဆုံးပေါ့။ အခု ကျွန်မ ပေါင်ပေါ်ကို ကျလာပြီး အရောင်လက်နေတဲ့ စတစ်ကာကြီးကတော့ ညီမလေးစုဆောင်း ထားခဲ့သမျှ အကောင်းဆုံးဖြစ်မှာ မလွဲဘူး။

ကျွန်မ ခဏလောက်ကြောင်ပြီး ထိုင်နေမိတယ်။ ကျွန်မကိုယ်ပဲ အမှန်လို့ထင်ပြီး အတ္တဆန်ဆန် ခေါင်းမာနေတာတောင်မှ ခွင့်လွှတ်နိုင်တဲ့ ညီမလေးရဲ့ အကန့်အသတ်မရှိတဲ့ ချစ်ခြင်းကို သိလိုက်ရပါတယ်။ သူ့ကိုသွားရှာပြီး တင်းကျပ်စွာ ဖက်ထားလိုက်ပါတယ်။ ခွင့်လွှတ်ဖို့-လည်း တောင်းပန်ပါတယ်။

အမြဲတမ်း ခွင့်လွှတ်ပြီး ဖွေမယူတတ်တဲ့သူက ကျမ်းစာထဲက ကျမ်းပိုဒ်တစ်ပိုဒ်ကို အသက်သွင်းလိုက်ပါတယ်။ "ချစ်ခြင်းမေတ္တာသည် များစွာသော အပြစ်တို့ကို ဖုံးအုပ်တတ်၏" (၁ပေ ၄း၈)။ ဖုံးအုပ်ဖို့လိုအပ်နေတာက သူ့အပြစ်တွေ မဟုတ်ပါဘူး။ ကျွန်မရဲ့ အပြစ်တွေကိုပါ။

# ပစ်မှတ်ရှာခြင်း Taking Aim

ဆယ်လီရဲ့ အပြောအရတော့ ပါမောက္ခစမစ်ဟာ စာရှင်းပြတော်လို့ ကျောင်းထဲမှာ နာမည်ကြီးဆိုပဲ။ ပါမောက္ခစမစ်ရဲ့ အတန်းတွေထဲက တစ်ခုကို ဆယ်လီလျှောက်သွားတဲ့အချိန်မှာ နံရံပေါ်က ပစ်မှတ်ကြီးနဲ့ ဘေးက စားပွဲပေါ်မှာ စုပုံထားတဲ့မြားကလေးတွေကို တွေ့ရပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ သင်မယ့်အတန်းဆိုတာကို သူရိပ်မိလိုက်ပါတယ်။

ပါမောက္ခစမစ်က စာရွက်အလွတ်တွေဝေပြီး ကျောင်းသားတွေကို သူတို့မကြိုက်တဲ့၊ သူတို့ကို ဒုက္ခပေးတဲ့၊ စိတ်ဆိုးစေတဲ့ လူရဲ့ပုံကို စာရွက်ပေါ်မှာ ရေးခိုင်းပါတယ်။ ပြီးတော့ အဲဒီပုံကို မြားနဲ့ ပစ်ပေါက်ခိုင်းပါတယ်။ ဆယ်လီ့သူငယ်ချင်းကတော့ သူ့ရည်းစားကို လုယူသွားတဲ့ ကောင်မလေးရဲ့ပုံကို ဆွဲပါတယ်။ အခြားတစ်ယောက်ကတော့ သူ့ညီလေးရဲ့ပုံဆွဲပါတယ်။ ဆယ်လီကတော့ အရင်က သူငယ်ချင်းပုံကို မခြွင်းမချန် အသေးစိတ်ဆွဲပါတယ်။ ဒီလိုလုပ်ရတော့ ဆယ်လီပျော်ပါတယ်။

ကျောင်းသားတွေက တန်းစီပြီးတော့ မြားတွေစပစ်နေကြပါပြီ။ တချို့ကျောင်းသားတွေ မြားပေါက်တာ ဘယ်လောက်ကြမ်းသလဲဆိုရင် စာရွက်တွေတောင် တစစီ ကြေမွကုန်ပါတယ်။ ဆယ်လီလည်း သူ့အလှည့်ရောက်လာတော့ မြားပစ်ဖို့ အရှေ့ဘက်ကို လှည့်တော့တာပေါ့။ ဒါပေမယ့် ပါမောက္ခကြီးက အချိန်စေ့ပြီဖြစ်လို့ ကျောင်းသားတွေကို ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ခိုင်းတော့ ဆယ်လီ မကျေမနပ်ဖြစ်သွားတယ်။ မြားမပေါက်ရလို့ ဆယ်လီအရမ်းစိတ်ဆိုးနေတဲ့အချိန်မှာဘဲ ပါမောက္ခစမစ်က ပစ်မှတ်ကြီးကို နံရံပေါ်ကနေ တဖြည်းဖြည်းချင်း ခွာချလိုက်ပါတယ်။

ပစ်မှတ်ရဲ့နောက်မှာ သခင်ယေရှုရဲ့ပုံရှိနေပါလား။ အပေါက်တွေ ရှုရာ၊ ခြစ်ရာတွေနဲ့ ကွဲပြဲ စုတ်ပြတ်နေတဲ့ ယေရှုရဲ့ပုံကို မြင်ရတော့ တခန်းလုံး ဟာကနဲ ဟင်ကနဲဖြစ်သွားပါတယ်။ ပါမောက္ခစမစ်က ယေရှုဟောကြားခဲ့တဲ့စကားနဲ့ အဆုံးသတ်ပါတယ်။ "သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ"(မ ၂၅း၄၀) ဆယ်လီရဲ့ အတန်းသားတွေကတော့ မျက်ရည်စို့နေတဲ့ မျက်လုံးတွေနဲ့ ယေရှုရဲ့ပုံကိုကြည့်ရင်းနဲ့ အတန်းထဲကနေ တိတ်ဆိတ်စွာ ထွက်ခဲ့ကြပါတယ်။

အမည်မသိစာရေးသူ

